# 'Moment of Madness'

## တဒင်္ဂရူးသွပ်မိုက်မဲမှု

ဇော်ရဲအောင်



# စာရေးသူ၏ အမှာ စာ

စာရေးသူအနေနှင့်ဒီစာအုပ် ရေးသား ရခြင်းမှာ ဖြစ်ပွားပုံနှင့်အချက်အလက်များ ၊ အင်္ဂလန် နိုင်ငံတွင် ကျင့်သုံးနေသော တရားစီရင်ရေးစနစ်၊ ဥပဒေဆိုင်ရာ ဗဟု သုတ။ အခြားနိုင်ငံတစ်ခု၏ ကျန်းမာရေးစနစ်နှင့် လူနေမှုဘဝပုံစံများအား အဓိကထား သိစေလို ခြင်းဖြစ်ပါသည် ။ မြန်မာပြည်သူများ

သိပ်မသိ ကြသေးသည့် ဂျူရီလူကြီးများ ဖြင့် တရားရုံးတွင် အဆုံးအဖြတ်ပြုလုပ်ကြပုံများ အကြောင်းကိုလည်း ဗဟု သုတရစေချင်သည် ။ စာအုပ်ခေါင်းစဉ် ဘယ်လိုရေးရမလဲဟု စဉ်းစားနေဆဲမှာ အမှုကို စီရင် ချက်ချသည့်နေ့က ဒေါက်တာအုံ့ထွန်းမောင်၏ ရှေ့နေ (Andrew Hurst) ပြော သွားခဲ့သောစကားအချို့ကို ပြေးသတိရလိုက်မိ၏ တရားရုံးနောက်ဆုံးစီရင်ချက်ကို အမိန့်ချအပြီးတွင် ဒေါက်တာ အုံ့ထွန်းမောင်၏ ရှေ့နေ (Andrew Hurst) m Dr Unt Tun Maung hads point 12 years working in the NHS, but has now lost everything because of a " Moment of madness " ဟု တရားရုံးသို့ ပြောဆိုခဲ့ပါသည် ။ ဒေါက်တာ အုံ့ထွန်းမောင်သည် ဗြိတိန် အမျိုးသားကျန်းမာရေးဌာနတွင် (၁၂) နှစ်ကြာ ကောင်းမွန်စွာအလုပ်လုပ်ကိုင်ခဲ့သော်လည်း " တ ဒင်္ဂရူးသွပ်မိုက်မဲမှု" အခိုက်အတန့်ကြောင့် အရာရာကိုဆုံးရှုံးခဲ့ရပြီဟု ပြောလိုက်ခြင်းဖြစ်သည် ။ ရှေ့နေ ၏ ပြောဆိုမှုထဲမှ " Moment of mad

ness" "တဒင်္ဂရူးသွပ်မိုက်မဲမှု" ဆိုသည့် စကားစုအား စာအုပ်အမည်ပေးရန် ဆုံးဖြတ်ခဲ့ပါသည် ။


ယခုစာအုပ်ပါ အကြောင်းအရာများ သည် အင်္ဂလန်၏ တရားစီရင်ရေးစနစ်အပေါ် စာရေးသူ လေ့လာမိသမျှနှင့် အမှုအကြောင်းသတင်းစာတို့ ၏ ရေးသားချက်များကို စာရေးသူက ဘာသာပြန်ဖော်ပြလိုက်ခြင်းဖြစ်ပါသည် ။ အထူးသဖြင့် ဒေါက် တာအံ့ထွန်းမောင်နှင့် စာရေးဆရာမ လွန်းထား ထား တို့ ကို ပုဂ္ဂိုလ်ရေးအရ ဂုဏ်သိက္ခာ ထိခိုက် နစ်နာစေလိုသည့် ဆန္ဒမရှိကြောင်း ပြောလိုပါသည် ။

လေးစားစွာဖြင့်


ဇော်ရဲအောင်



တရားသူကြီး Christopher Prince




အင်္ဂလန်နိုင်ငံ တရားရုံးဖွဲ့စည်းပုံအဆင့်ဆင့်



တရားလိုအစိုးရရှေ့နေ
**Peter Makepeace**



ဒေါက်တာအဲ့ထွန်းမောင်၏ရှေ့နေ
**Andrew Hurst**

**Police Alerts UK & News reports**

April 18 at 5:51pm

Like Page

Dr Unt Tun Maung, 43, has been sentenced to 18 months in jail for the attack, during which he asked the teen to remove her bra before cupping her breast at medical centre on Teesside, Middlesbrough.#UK



## Married locum GP who fondled teenager's breasts is jailed

Dr Unt Tun Maung, 43, has been sentenced to 18 months in jail for the attack, during which he asked the teen to remove her bra before cupping her breast at...

DAILYMAIL.CO.UK

ဒေါက်တာအံ့ထွန်းမောင်ကို ထောင်ဒဏ် ၁၈ လချမှတ်လိုက်ကြောင်းကို
ဗြိတိသျှရဲတင်ခဲ့ **Facebook** စာမျက်နှာမှဖော်ပြထားပုံ



ဒေါက်တာအုံ့ထွန်းမောင်ကဲ့သို့ပင် ၂၀၁၂ ခုနှစ်က
လိင်ပိုင်းဆိုင်ရာစော်ကားသော ပြစ်မှုဖြင့်ထောင်ကျခဲ့သည့်
**Dr Hassan Khan**



ဒေါက်တာ အုံ့ထွန်းမောင်

***

# အမှု၏ ဖြစ်စဉ်ရက်စွဲများ

-၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ ၁၉ နှစ် အရွယ်မိန်းကလေး အမှုဖြစ်ပွား၊ ထိုမိန်းကလေးက ၈-လ အကြာ ၂၀၁၃ မတ်လ တွင် ရဲထံသို့ သတင်းပို့တိုင်ကြား ရဲကစတင်စစ်ဆေး-

(ထိုသို့ရဲက စစ်ဆေးနေမှုကြောင့် ဒေါက်တာအံ့ထွန်းမောင်သည် ၂၀၁၃ ခုနှစ်၊ ဧပြီလမှ နေ၍ ၂၀၁၄ ခုနှစ်ဆန်းပိုင်းအထိ လိုင်စိုက်နိုးထရန်ခက်ခဲသည့် ဝေဒနာခံစားခဲ့ရကြောင်း ဒေါက်တာ အံ့ထွန်းမောင်နှင့် ဇနီးသည် လွန်းထားထားက တရားရုံးတွင် တင်ပြ ထွက်ဆိုခဲ့)

-၂၀၁၃ ခုနှစ် စက်တင်ဘာလ-၁၅နှစ် အရွယ်မိန်းကလေး အမှုဖြစ်ပွား၊ ထိုမိန်းကလေးနှင့် သူ့အမေက ရဲထံချက်ခြင်း တိုင်ကြား၊ ရဲက ဒေါက်တာအံ့ထွန်းမောင်ကို ဖမ်းဆီးစစ်ဆေး၊ အာမခံဖြင့် ပြန်လွှတ်။

-၂၀၁၄ အောက်တိုဘာလအထိ ရဲကစစ်ဆေးပြီးတရားရုံးတွင် စတင်တရားစွဲဆို-

ဒေါက်တာအံ့ထွန်းမောင်က အပြစ်မရှိကြောင်း လျှောက်လဲ ၂၀၁၅ ဖေဖော် ဝါရီလတွင် ပမာဏကြားနာစစ်ဆေး၊ ၂၀၁၅ မတ်လ ၂ ရက်နေ့မှ စ၍ တရားရုံး ကကာယကံရှင်များ နှင့် သက်

သေများကို ဂျူရီလူကြီးများ ရှေ့မှောက် စတင်စစ်ဆေး-

-၂၀၁၅ မတ်လ ၁၁ရက်နေ့တွင် ဂျူရီလူကြီးများက ၁၅နှစ် အရွယ်မိန်းကလေး (ယခု-၁၈) အမှုတွင် ဒေါက်တာအံ့ထွန်းမောင် ကိုမပြစ်မရှိ၊ ၁၉နှစ် အရွယ်မိန်းကလေး(ယခု-၂၁) အမှုတွင် ဒေါက်တာအံ့ထွန်းမောင် ကို အပြစ်ရှိကြောင်းအများ စု ၁၀- ၂ ဖြင့်ဆုံးဖြတ်-

၂၀၁၅ ဧပြီလ၊ ၁၇ ရက်နေ့တွင် တရားသူကြီးက ထောင်ဒဏ် ၁၈ လ နှင့် လိင်ပိုင်းဆိုင်ရာ စော်ကားသူစာရင်း တွင် ၁၀ နှစ်မှတ်တမ်းတင်ထားရန် အမိန့်ချမှတ်ခဲ့။

**(ကိုးကား - အင်္ဂလန်နိုင်ငံထုတ်** Daily Mail, Chronicle Live, Durham Times, The Northern Echo **သတင်းစာမျက်နှာများ ။)**

**မှတ်ချက်-**

" ယခုဘာသာပြန်ဖော်ပြချက်များကို မည်သူမဆို တစိတ်တပိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ၊ ကူးယူဖော်ပြခြင်း၊ ဂျာနယ်များ ၊ မဂ္ဂဇင်းများ တွင်ကြိုက်သလိုတည်းဖြတ်၍ ကြိုက်သည့် စာရေးသူအမည်တပ်ကာ ပြန်လည်ဖော်ပြခြင်း၊ စာအုပ်စာစောင်များ အဖြစ် ရိုက်နှိပ်၍ အခမဲ့ဖြန့်ချီခြင်း၊ စာအုပ်စာပေများ အဖြစ်ရိုက်နှိပ်၍ လူစည်ကားရာလမ်းဆုံလမ်းခွများ ၊ ဘတ်(စ်)ကားမှတ်တိုင်များ ၊ မီးပွိုင့်များ တွင် အခကြေးငွေဖြင့် ရောင်းချခြင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် အသုံးပြုခြင်း၊ ပညာပေးဇာတ်လမ်းများ ရိုက်ကူးရာတွင် အသုံးပြုခြင်း ဟောပြောပွဲများ တွင် အချက်အလက် အဖြစ်အသုံးပြုခြင်း စသဖြင့် ကန့်သတ်ချက်မရှိ လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည် ။ ။

**ဇော်ရဲအောင်**